Eat Well, Live Well.

AJINOMOTO®

# AGP

## Ajinomoto Group Policies

Myanmar

မြန်မာဘာသာ

# မာတိကာ


ကုမ္ပဏီဥက္ကဋ္ဌနှင့် CEO ထံမှ အမှာစကား ..... 1

Our Philosophy (ကျွန်ုပ်တို့၏ ခံယူချက်သဘောတရား) ..... 2

AGP (Ajinomoto Group Policies - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ) 3

- မူဝါဒအကျုံးဝင်သော နယ်ပယ်အကျယ်အဝန်း ..... 4
- ကုမ္ပဏီမှ တာဝန်ယူမှုများ ..... 4
- တိုက်ရိုက်ဖုန်းလိုင်း (Hotline) ..... 4
- ကျွန်ုပ်တို့သည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (United Nations Global Compact) ကို အားပေးထောက်ခံပါသည်။ ..... 5
- ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals (SDGs)) အောင်မြင်ရန် အထောက်အကူဖြစ်စေသော ကြိုးပမ်းမှုများကို နိုးကြားတက်ကြွစွာ ဆောင်ရွက်ရမည်။ ..... 5

၁။ အာဟာရဓာတ် ပိုမိုရရှိရေးအတွက် ကြိုးပမ်းမှုများ ..... 6

၂။ ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း ..... 7

၃။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေးအား အကျိုးပြုခြင်း ..... 8

၄။ မျှတမှုရှိပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းကိစ္စရပ်များ ..... 8

၅။ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုများ ..... 10

၆။ လူ့အရင်းအမြစ် ပျိုးထောင်မွေးထုတ်ရေးနှင့် ဝန်ထမ်းများအား လုံခြုံမှုပေးရေး ..... 11

၇။ ဒေသခံပြည်သူများနှင့် အတူတကွ လုပ်ကိုင်ခြင်း ..... 12

၈။ အစုရှယ်ယာရှင်များအပေါ် တာဝန်ခံမှုများ ..... 13

၉။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများနှင့် သတင်းအချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း ..... 14

၁၀။ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ရောထွေးမှုမရှိခြင်း ..... 15

၁၁။ ကောင်းမွန်သောအုပ်ချုပ်မှု တည်ထောင်ခြင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း ..... 16

- သတင်းပေးတိုင်ကြားခြင်း ..... 17

# ကုမ္ပဏီဥက္ကဋ္ဌနှင့် CEO ထံမှ အမှာစကား



အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုအနေဖြင့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားမှာ ကမ္ဘာ့အရပ်ရပ်တွင် စားနပ်ရိက္ခာ၊ ကျန်းမာသုခ ဖူလုံပြည့်စုံရေးနှင့် အနာဂတ်ဘဝနေထိုင်မှု ပိုမိုကောင်းမွန်ရေးတို့အတွက် တစ်ဖက်တစ်လမ်း အကျိုးပြုရန် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ASV (The Ajinomoto Group Creating Shared Value - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အကျိုးစီးပွား ဖော်ဆောင်မျှဝေခြင်း) ကြိုးပမ်းဆောင်ရွက်မှု - တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် လူမှုရေးကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပြီး လူ့အဖွဲ့အစည်း၊ ဒေသခံပြည်သူတို့နှင့်အတူ မျှဝေသုံးစွဲမည့် အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြင့် စီးပွားရေးတန်ဖိုး မြှင့်တင်နိုင်သည့် တမူထူးခြားသောနည်းလမ်းကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက် ရှိပါသည်။

ASV ကို အကောင်အထည်ဖော်ရာတွင် အစုရှယ်ယာရှင်အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ထိုပူးပေါင်းဆောင်ရွက်မှုသည် အာဂျီနိုမိုတိုကုမ္ပဏီရှိ ကျွန်ုပ်တို့တစ်ဦးချင်းစီက လူ့အဖွဲ့အစည်း၏ ယုံကြည်မှုရရှိရန် ကြိုးစားလုပ်ကိုင်မှသာလျှင် အထမြောက်နိုင်ပေမည်။ ထိုအချက်ကို နားလည်လက်ခံကာ အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများနှင့် ၎င်းကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသော ကျွန်ုပ်တို့တစ်ဦးချင်းစီက လက်ကိုင်ထားရမည့် ယုံကြည်မှုနှင့် အပြုအမူများကို ရေးသားပုံဖော်ထားသော Ajinomoto Group Policies (AGP) (အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ) ဟု ခေါ်တွင်သော အခြေခံစည်းမျဉ်းများကို ကျွန်ုပ်တို့ ပြန်လည်ပြင်ဆင်ထားပြီး ဖြစ်ပါသည်။ AGP ဆိုသည်မှာ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိသော နိုင်ငံနှင့် ဒေသအသီးသီးမှ လေးစားလိုက်နာမှုနှင့် "၂၁ ရာစုရှိ ဖြေရှင်းရမည့် လူမှုအရေးကိစ္စများ" ဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၊ ထို့အပြင် ASV အကောင်အထည်ဖော်မှုရှုထောင့်တို့မှနေ၍ အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းများဆိုင်ရာ အခြေခံကျသော တစ်ကမ္ဘာလုံးလက်ခံထားသော ရှုထောင့်အမြင်များနှင့် ကျွန်ုပ်တို့၏ ပြုမူလုပ်ရှားမှုများအား ထိန်းကျောင်းထားသော ကျင့်ဝတ်များကို ဖော်ပြထားသောအရာဖြစ်ပါသည်။

AGP သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အားလုံးနှင့် သက်ဆိုင်အကျုံးဝင်ပြီး ကျွန်ုပ်တို့မှ အစုရှယ်ယာရှင်အားလုံးအပေါ် စောင့်ထိန်းမည့် ကတိကဝတ်ပြုစာ ဖြစ်ပါသည်။ AGP အတိုင်း ကျွန်ုပ်တို့ဆောင်ရွက်သမျှ အရာအားလုံးဖြင့် ယုံကြည်မှုကို ရရှိပြီး စစ်မှန်သော ကမ္ဘာလုံးဆိုင်ရာ အထူးထုတ်ကုန်ထုတ်လုပ်ရေးကုမ္ပဏီအုပ်စု ဖြစ်လာရန် ကျွန်ုပ်တို့ ရည်မှန်းထားပါသည်။



မစ္စတာ တာရို ဖူဂျီ
ကိုယ်စားလှယ် အမှုဆောင် အရာရှိ၊
ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊
Ajinomoto Co., Inc.


# Our Philosophy (ကျွန်ုပ်တို့၏ ခံယူချက်သဘောတရား)

ကျွန်ုပ်တို့ အာဂျီနိုမိုတို ကုမ္ပဏီအုပ်စုသည် စတင် တည်ထောင်ခဲ့သည့် အချိန်မှစ၍ ကျွန်ုပ်တို့၏ စီးပွားရေး လုပ်ငန်းများ မှတစ်ဆင့် လူမှုရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် ကမကထပြုလုပ်ဆောင်မှုများတွင် အစဉ်တစိုက် ပါဝင်ခဲ့ပါသည်။ ဤကမကထပြု လုပ်ဆောင်မှုများသည် လူ့အဖွဲ့အစည်းနှင့် ဒေသခံလူမှု အသိုင်းအဝိုင်းများနှင့်အတူ အကျိုးစီးပွား ဖော်ဆောင်မျှဝေခြင်းမှတဆင့် စီးပွားရေးတန်ဖိုးကို တိုးတက်စေခြင်းဖြင့် ကုမ္ပဏီအုပ်စု၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။ ဤကမကထပြု လုပ်ဆောင်မှုများကို ASV (The Ajinomoto Group Creating Shared Value) ဟုခေါ်ပါသည်။ ASV သည် ကျွန်ုပ်တို့၏ သဘောတရားခံယူချက် အတွေးအမြင်၏ အဓိကအချက်ဖြစ်ပြီး ဤအတွေးအမြင်အရ လက်ခံ သတ်မှတ်ထားသော မစ်ရှင်နှင့် မျှော်မှန်းချက်များကို ရရှိရန် ကုမ္ပဏီအုပ်စု၏ ချဉ်းကပ်နည်းဖြစ်ပါသည်။

ကုမ္ပဏီမှ အမှာပါးလိုသော သတင်းစကား

**Eat Well, Live Well.**

(ကောင်းမွန်စွာ စားသောက်ပြီး ကောင်းမွန်စွာ ရှင်သန်နေထိုင်ပါ။)



# AGP (Ajinomoto Group Policies - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ)

ASV ကို အခြေခံထားသော ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားနှင့် စိတ်ကူးရည်မှန်းချက်များသည် ကျွန်ုပ်တို့၏ Ajinomoto Group Policies (အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ) သို့မဟုတ် "AGP" ဖြစ်ပါသည်။ ဤမူဝါဒများသည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီအသီးသီးနှင့် ၎င်းကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသော ကျွန်ုပ်တို့တစ်ဦးချင်းစီက စောင့်ထိန်းလိုက်နာအပ်သော ယုံကြည်မှုနှင့် အပြုအမူများကို ဖော်ပြထားပါသည်။ အဆိုပါမူဝါဒများသည် ထိုယုံကြည်မှုနှင့် အပြုအမူများကို စောင့်ထိန်းလိုက်နာရန် လေးနက်စွာ ကြိုးပမ်းမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်အားလုံးထံသို့ ကတိကဝတ်ပြုစာလည်း ဖြစ်ပါသည်။

အောက်ပါပုံစံကားချပ်တွင် ကျွန်ုပ်တို့ ခံယူချက်သဘောတရား၏ အရေးကြီးသော အပိုင်းကဏ္ဍများကြား ဆက်စပ်ပုံကို သရုပ်ဖော်တင်ပြထားပါသည်။

ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့ မဆုတ်မနစ်တမ်း တစိုက်မတ်မတ် အကောင်အထည်ဖော်လုပ်ဆောင်နေသည့် ၊ တာဝန်ဝတ္တရားနှင့် စိတ်ဆန္ဒ

ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားမှာ ကမ္ဘာ့အရပ်ရပ်တွင် စားနပ်ရိက္ခာ၊ ကျန်းမာသုခတို့ ဖူလုံပြည့်စုံရေးနှင့် အနာဂတ်ဘဝနေထိုင်မှု ပိုမိုကောင်းမွန်ရေးတို့အတွက် အကျိုးပြုဆောင်ရွက်ရန်။

တာဝန်ဝတ္တရားများကျေပြွန်ရန် အကောင်အထည်ဖော်နေစဉ် ဖြစ်မြောက်အောင်မြင်လိုသည်များ

အစားအသောက်အလေ့အထများနှင့် အိုမင်းခြင်းတို့နှင့်ဆက်စပ်နေသော အစားအစာနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် အမိုင်နိုအက်စစ်များ၏ စွမ်းအားကို ဖွင့်ပေးခြင်းဖြင့် ကမ္ဘာတစ်ဝှမ်းရှိလူများအတွက်ပိုမိုကောင်းမွန်သော ကျန်းမာရေးကို အထောက်အကူပြုရန်။

2030 ပြည့်နှစ်တွင်

- လူ ၁ ဘီလီယံ၏ ကျန်းမာသော သက်တမ်းကို တိုးချဲ့ရန် ကူညီခြင်း။
- ကျွန်ုပ်တို့၏စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးတက်စေပြီး တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုကို ၅၀% အထိ လျှော့ချခြင်း။

ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားနှင့် စိတ်ကူးရည်မှန်းချက်များ အကောင်အထည်ပေါ်ရန်အလို့ငှာ လူမှုရေးနှင့် စီးပွားရေးတန်ဖိုး နှစ်မျိုးလုံး ဖော်ဆောင်ရန် ကြိုးပမ်းမှုများ

ASV ဆိုသည်မှာ မပြောင်းလဲသော ကတိကဝတ်များ - စီးပွားရေးတန်ဖိုး ဖော်ဆောင်ရန်အလို့ငှာ စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် လူ့အဖွဲ့အစည်း၏ အရေးကိစ္စများကို ကျွန်ုပ်တို့ ကူညီဖြေရှင်းပေးမည် ဟူ၍ အစုရှယ်ယာရှင်များထံ မပြောင်းလဲသော ကတိပေးခြင်း

ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားနှင့် စိတ်ကူးရည်မှန်းချက်များ ဖော်ဆောင်စဉ် ဝန်ထမ်းများကြား အကျိုးစီးပွားမျှဝေမှု - ကျွန်ုပ်တို့ အလုပ်ရှိ အခြေခံကျသော ချဉ်းကပ်ဆောင်ရွက်နည်းနှင့် ရပ်တည်ချက်ပုံစံ

- အကျိုးစီးပွားအသစ်များ ဖော်ဆောင်ခြင်း၊
- စွန့်ဦးတီထွင်စိတ်ဓာတ်ရှိခြင်း၊
- လူမှုအကျိုးသယ်ပိုးခြင်း၊
- လူအချင်းချင်းတန်ဖိုးထားခြင်း

အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီအသီးသီးနှင့် ထိုကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသော ကျွန်ုပ်တို့ တစ်ဦးချင်းစီက စောင့်ထိန်းလိုက်နာအပ်သော ယုံကြည်မှုနှင့် အပြုအမူများ

## မူဝါဒအကျုံးဝင်သော နယ်ပယ်အကျယ်အဝန်း

အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ သို့မဟုတ် "AGP" သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီအားလုံးနှင့် ၎င်းတို့၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အကျုံးဝင်သက်ဆိုင်ပါသည်။

## ကုမ္ပဏီမှ တာဝန်ယူမှုများ

- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများအား AGP ကို ချိုးဖောက်ရန် မတောင်းဆိုရပါ။ ထို့မှတပါး အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများမှ မည်သူကိုမဆို AGP အား စောင့်ထိန်းလိုက်နာစေခြင်းဖြင့် ဆိုးရွားစွာ ထိခိုက်နစ်နာစေရန် မပြုမူရပါ။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီတိုင်း၏ အထက်ပိုင်းမှစီမံခန့်ခွဲသူများသည် AGP အား စောင့်ထိန်းလိုက်နာခြင်းကို မိမိတို့နှင့်သက်ဆိုင်သော အခန်းကဏ္ဍဟု နားလည်လက်ခံလျက် စံနမူနာပြ ကြိုးပမ်းကာ စောင့်ထိန်းလိုက်နာရမည်။ အထက်ပိုင်းမှစီမံခန့်ခွဲသူများသည် ကုမ္ပဏီတွင်းတွင်လည်း စောင့်ထိန်းလိုက်နာစေပြီးလျှင် ကုမ္ပဏီတွင်းနှင့် ကုမ္ပဏီပြင်ပ နှစ်ဘက်လုံးမှ ထင်မြင်ယူဆချက်များကို ထည့်သွင်းပေါင်းစပ်ပြီး အကျိုးရှိထိရောက်သော ကုမ္ပဏီတွင်းအဖွဲ့အစည်းစနစ်တစ်ရပ်ကို ထူထောင်ဖွဲ့စည်းရမည်။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ မည်သည့်ကုမ္ပဏီတွင်မဆို တရားဥပဒေချိုးဖောက်ခြင်း စသည် AGP ကို ကြီးလေးစွာ ချိုးဖောက်မှုများ ဖြစ်ပွားပါက အထက်ပိုင်းမှစီမံခန့်ခွဲသူများသည် ထိုပြဿနာများ ဖြေရှင်းဆောင်ရွက်ရန် မိမိတို့ကိုယ်တိုင်မှစ၍ အကြောင်းရင်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ တဖန်ပြန်လည် မဖြစ်ပွားစေရန် ကာကွယ်မှုများပြုပြီး ယင်းတို့ကို အစုရှယ်ယာရှင်များ သိရှိနားလည်စေရန် ရှင်းလင်းတင်ပြရမည်။

## တိုက်ရိုက်ဖုန်းလိုင်း (Hotline)

- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီတိုင်းသည် အခန်း ၁၁ တွင် ဖော်ပြပါရှိသော "ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ (Group Shared Policy on Whistle-blowing)" အရ ဝန်ထမ်းများအနေဖြင့် စည်းမျဉ်းချိုးဖောက်မှုများနှင့် အခက်အခဲပြဿနာရပ်များကို သတင်းပေးတိုင်ကြားရန် ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်တပ်ဆင်ထားရမည်။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများသည် အစီရင်ခံတင်ပြလာသူ မည်သူမဆို၏ ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းပေးရမည်ဖြစ်ပြီး ကိုယ်ရေးလွတ်လပ်ခွင့်ကို စောင့်ရှောက်ကာကွယ်ရမည်ဖြစ်သည့်အပြင် အစီရင်ခံတင်ပြခြင်းကြောင့် ထိုသူ ထိခိုက်နစ်နာမှုဖြစ်စေသည်များ မပြုလုပ်ရ။

- **ကျွန်ုပ်တို့သည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (United Nations Global Compact) ကို အားပေးထောက်ခံပါသည်။**

ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်အရ ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေး၊ အလုပ်သမားစံသတ်မှတ်ချက်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဂတိလိုက်စားမှုနှိမ်နင်းရေးကဏ္ဍများတွင် မိမိတို့စွမ်းနိုင်သမျှ အသိုင်းအဝိုင်းပိုင်နက်အတွင်း စည်းမျဉ်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းကာ ထိုစည်းမျဉ်းဥပဒေများကို လက်ခံယုံကြည်၊ အားပေးထောက်ခံပြီး အတည်ပြုထုတ်ပြန်ရမည်ဟု ပါရှိသည်။

### လူ့အခွင့်အရေး - စီးပွားရေးလုပ်ငန်းများသည် အောက်ပါတို့ကို လိုက်နာရမည်။

စည်းမျဉ်း ၁ - လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာကြေညာချက်ကို အားပေးထောက်ခံပြီး လေးစားလိုက်နာရမည်။ ထို့အပြင်

စည်းမျဉ်း ၂ - မိမိတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုတွင် ပါဝင်ကျူးလွန်မှု မပြုရ။

### အလုပ်သမား - စီးပွားရေးလုပ်ငန်းများသည် အောက်ပါတို့ကို လိုက်နာရမည်။

စည်းမျဉ်း ၃ - အလုပ်သမားသမဂ္ဂအဖွဲ့အစည်း၏လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားနိုင်မှုနှင့်အလုပ်သမားသမဂ္ဂအဖွဲ့အစည်းနှင့် အလုပ်ရှင်တို့ကြား ဆွေးနွေးညှိနှိုင်းမှုလုပ်ပိုင်ခွင့်တို့အား ထိရောက်စွာ အသိအမှတ်ပြုခြင်းကို လက်ကိုင်ထားကျင့်သုံးရမည်။

စည်းမျဉ်း ၄ - အတင်းအဓမ္မသိမ်းသွင်း အလုပ်ခိုင်းစေမှုပုံစံအားလုံး တားဆီးဖယ်ရှားခြင်းကို လက်ကိုင်ထားကျင့်သုံးရမည်။

စည်းမျဉ်း ၅ - ကလေးအလုပ်သမားခိုင်းစေမှုအား ထိရောက်စွာ တားဆီးဖယ်ရှားခြင်းကို လက်ကိုင်ထားကျင့်သုံးရမည်။ ထို့အပြင်

စည်းမျဉ်း ၆ - အလုပ်ခန့်ထားခြင်း၊ သက်မွေးဝမ်းကျောင်းအလုပ်အကိုင်တို့နှင့် ပတ်သက်၍ ခွဲခြားဆက်ဆံခြင်းအား တားဆီးဖယ်ရှားခြင်းကို လက်ကိုင်ထားကျင့်သုံးရမည်။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး - စီးပွားရေးလုပ်ငန်းများသည် အောက်ပါတို့ကို လိုက်နာရမည်။

စည်းမျဉ်း ၇ - သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုပြဿနာအပေါ် ကြိုတင်ကာကွယ်ခြင်းဖြင့် ဖြေရှင်းမှုကို အားပေးထောက်ခံရမည်။

စည်းမျဉ်း ၈ - သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ စံပြအနေဖြင့် ပိုမိုကြီးလေးသောတာဝန်ကို လက်ခံဆောင်ရွက်ရမည်။

စည်းမျဉ်း ၉ - သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသော နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တွင်ကျယ်ပျံ့နှံ့စေရန် အားပေးတိုက်တွန်းမှု ပြုရမည်။

### အဂတိလိုက်စားမှုနှိမ်နင်းရေး - စီးပွားရေးလုပ်ငန်းများသည် အောက်ပါတို့ကို လိုက်နာရမည်။

စည်းမျဉ်း ၁၀ - ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုပြုခြင်း အပါအဝင် အဂတိလိုက်စားမှုပုံစံမျိုးစုံ နှိမ်နင်းရေးကို ကြိုးပမ်းဆောင်ရွက်ရမည်။

- **ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals (SDGs)) အောင်မြင်ရန် အထောက်အကူဖြစ်စေသော ကြိုးပမ်းမှုများကို နိုးကြားတက်ကြွစွာ ဆောင်ရွက်ရမည်။**

2001 ခုနှစ်က ချမှတ်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Millennium Development Goals) အစား 2015 စက်တင်ဘာတွင် ကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံ၌ အတည်ပြုလက်ခံခဲ့ကြသော ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် 2030 လုပ်ငန်းစဉ်အာဂျင်ဒါ (2030 Agenda for Sustainable Development) တွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals (SDGs)) ကို ချမှတ်ခဲ့ပါသည်။ ထို SDGs တွင် 2016 မှ 2030 ကြားကာလတစ်ခုစာ နိုင်ငံတကာသဘောတူညီချက် ရရှိထားသော ရည်မှန်းချက် ၁၇ ခု ပါဝင်ပါသည်။

## ၁။ အာဟာရဓာတ် ပိုမိုရရှိရေးအတွက် ကြိုးပမ်းမှုများ

၁.၁။ ကျွန်ုပ်တို့သည် နေရာဒေသ၊ အသက်အရွယ်၊ လူနေမှုပုံစံနှင့် ကျန်းမာရေးအခြေအနေ စသည်တို့ အမျိုးမျိုးကွဲပြားသော လူသားတို့၏ အာဟာရဓာတ်လိုအပ်ချက်ကို အခြေခံ၍ နေ့စဉ်စားသုံးမှုတွင် အာဟာရဓာတ် မျှတစွာရရှိမှု ပိုမိုကောင်းမွန်စေသော ကုန်ပစ္စည်းများနှင့် သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရေးကို ရည်ရွယ်ချက်ကြီးမားစွာ ထားရှိရမည်။

၁.၂။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အားအင်ပြည့်ဝရေးအတွက် သင့်လျော်သော အာဟာရဓာတ်များ ပေးစွမ်းမည့် ကုန်ပစ္စည်းများဖြင့်သာမက အရသာရှိသော ဟင်းလျာများ၊ အမယ်စုံလင်သော ဟင်းလျာများ၊ ကျွမ်းကျင်ပါးနပ်စွာ ဟင်းလျာချက်ပြုတ်ခြင်း၊ အတူတကွစားသောက်ခြင်းတို့အတွက် အကြံပြုချက်များဖြင့်ပါ ကျွန်ုပ်တို့အနေဖြင့် တစ်ဖက်တစ်လမ်းအကျိုးပြုရမည်။

၁.၃။ ကျွန်ုပ်တို့သည် ဒေသခံပြည်သူများ၏ အခြေအနေအား ထဲထဲဝင်ဝင် သိရှိနားလည်ထားသည်များဖြင့် သတင်းအချက်အလက်များ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ အစုံလိုက်ပါဝင်သော အစီအစဉ်ကို စီစဉ်ပေးပြီး သုံးစွဲသူများ အာဟာရဓာတ် ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

၁.၄။ ကျွန်ုပ်တို့သည် နိုင်ငံအသီးသီးမှ သုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ဈေးနှုန်းသင့်တင့်စွာနှင့် သင့်လျော်သော ပုံသဏ္ဍာန်ဖြင့် ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများဖြင့် အာဟာရဓာတ်ပြည့်ဝသော အစားအစာများ စားသုံးနိုင်ရန် အခွင့်အလမ်းများ ဖန်တီးရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ အာဟာရဓာတ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ ကုန်ပစ္စည်းများ နားလည်လွယ်ခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၂။ ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း

၂.၁။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူသာ ပထမဦးစားပေး ဟူသည်ကို အစဉ်အမြဲ စွဲမှတ်ကာ ခေတ်မီနည်းပညာ၊ ဖန်တီးနိုင်စွမ်းတို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဖန်တီးထုတ်လုပ်ကာ ချပြရမည်။

၂.၂။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိရန်နှင့် ထိန်းထားရန်၊ ထိုသူတို့၏ လိုလားချက်များ ဖြည့်ဆည်းပေးပြီး စိတ်ကျေနပ်မှုရရှိစေရန်အလို့ငှာ ကျွန်ုပ်တို့၏ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ တိကျမှန်ကန်ပြီး အသုံးဝင်သော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရမည်။

၂.၃။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများနှင့် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ပြီး ကျွန်ုပ်တို့၏ ဈေးကွက်ရှာဖွေခြင်းနှင့် ကုန်ပစ္စည်းကြော်ငြာခြင်းကိစ္စအားလုံးကို တာဝန်ယူ ဆောင်ရွက်ရမည်။ အထူးသဖြင့် ကလေးသူငယ်များအပေါ် အလေးဂရုပိုမိုထားရှိပြီး တာဝန်ယူတာဝန်ခံ၍ ထိတွေ့ဆက်ဆံရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

၁။ အရည်အသွေးပိုင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၃။ ဈေးကွက်ရှာဖွေ ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၄။ ထုပ်ပိုးပစ္စည်းပေါ် ရေးသားဖော်ပြချက်များဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၃။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေးအား အကျိုးပြုခြင်း

၃.၁။ ကျွန်ုပ်တို့သည် ကမ္ဘာကြီးနှင့် သဟဇာတမျှတစွာ ယှဉ်တွဲနေထိုင်နိုင်ရန်အလို့ငှာ ဒေသခံပြည်သူများ၊ ဝယ်ယူသုံးစွဲသူများနှင့် အတူတကွ လုပ်ဆောင်ပြီး ရေရှည်တည်တံ့သော "ပစ္စည်းအဟောင်းများ ပြန်လည်အသုံးချရေးဦးစားပေး လူ့အဖွဲ့အစည်း (recycling-oriented society)" ပေါ်ပေါက်ရေးကို အကောင်အထည်ဖော်ရမည်။

၃.၂။ ကျွန်ုပ်တို့သည် သယံဇာတရင်းမြစ်များနှင့် စွမ်းအင်များကို ပိုမိုအကျိုးရှိစွာ အသုံးပြုရန်နှင့် ပတ်ဝန်းကျင်မထိခိုက်ရေးကို တာဝန်ယူသော လူနေမှုပုံစံဖြင့် ပြုမူနေထိုင်ရန် တစ်ဦးချင်းစီတိုင်းကို အားပေးတိုက်တွန်းရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး ဆိုင်ရာ ကုမ္ပဏီအုပ်စု၏ မျှဝေမူဝါဒ

## ၄။ မျှတမှုရှိပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းကိစ္စရပ်များ

၄.၁။ ကျွန်ုပ်တို့သည် လုပ်ငန်းကိစ္စရပ်အားလုံးတွင် မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် အလေးထားကာ ကျွန်ုပ်တို့ တန်ဖိုးထားရသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များကို လက်ခံအသိအမှတ်ပြုပြီး စီးပွားရေးလုပ်ငန်းတာဝန်ပိုင်းကို မျှတစွာ လုပ်ဆောင်ရမည်။

၄.၂။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံအသီးသီးတွင် လက်ဝါးကြီးအုပ်ချယ်လှယ်မှု တားဆီးရေးဆိုင်ရာ ဥပဒေများ၊ အခြားဥပဒေများနှင့် လုပ်ငန်းချင်း ယှဉ်ပြိုင်မှုဆိုင်ရာ စည်းကမ်းများကို နံ့စပ်စွာ သိရှိနားလည်ပြီး စောင့်ထိန်းလိုက်နာရန် ကြိုးပမ်းဆောင်ရွက်ရမည်။ (လုပ်ငန်းတူအချင်းချင်း ပြိုင်ဆိုင်မှုမပြုဘဲ အမြတ်ထွက်ရန် ကြံစည်သဘောတူသည့် စီးပွားရေးသမားများ) တစ်နည်းအားဖြင့် လုပ်ငန်းချင်းယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ရန်အလို့ငှာ ကုန်ပစ္စည်းဈေးနှုန်း သို့မဟုတ် အရောင်း/ထုတ်လုပ်မှု ပမာဏကို သတ်မှတ်ရန် လုပ်ငန်းပြိုင်ဘက်များနှင့် ပူးပေါင်းလိမ်လည်ညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်မှု မပြုရပါ။ တရားမျှတမှုမရှိသော နည်းလမ်းများဖြင့် ဈေးကွက်အတွင်းမှ လုပ်ငန်းပြိုင်ဘက်ကို ဖယ်ရှားခြင်း၊ ဈေးကွက်အတွင်းသို့ လုပ်ငန်းပြိုင်ဘက်အသစ်များ မဝင်ရောက်စေရန် ပိတ်ဆို့တားဆီးခြင်းများ မပြုရပါ။

၄.၃။ ကျွန်ုပ်တို့သည် ကန်ထရိုက်လက်ခွဲများနှင့် ပစ္စည်းသွင်းသူများကို ရွေးချယ်ရာတွင် ဈေးနှုန်း၊ အရည်အသွေးနှင့် ဝန်ဆောင်မှုပိုင်း စသည် စည်းကမ်းချက်များနှင့်အညီ တရားမျှတစွာ နှိုင်းယှဉ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ ကျွန်ုပ်တို့၏ အရေးသာနေသောအခြေအနေကို အလွဲသုံးစားပြု၍ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ ထိခိုက်နစ်နာစေမည့် ကိစ္စရပ်မျိုးတွင် ပါဝင်ဆောင်ရွက်မှု မပြုရပါ။

၄.၄။ ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အပါအဝင် လူမှုရေးတာဝန်များ ကျေပြွန်စေရန် မိမိတို့၏ ကန်ထရိုက်လက်ခွဲများ၊ ပစ္စည်းသွင်းသူများနှင့် အတူတကွ ကြိုးပမ်းအားထုတ်ရမည်။

၄.၅။ ကျွန်ုပ်တို့သည် မိမိတို့၏ ဝယ်သူသုံးစွဲသူများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအပေါ် ဆင်ခြင်တုံတရားလက်ကိုင်ထား ဆက်ဆံပြီး မမှန်ကန်သော လက်ဆောင်ပဏ္ဍာများ၊ ဖျော်ဖြေမှု သို့မဟုတ် ငွေကြေးများ ကမ်းလှမ်းခြင်းကဲ့သို့ မသင့်လျော်သော အပြုအမူများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရပါ။

၄.၆။ ကျွန်ုပ်တို့သည် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပြည်သူ့ဝန်ထမ်းအရာရှိများ သို့မဟုတ် ၎င်းတို့နှင့် အဆင့်ရာထူးတူညီသူများအပေါ် လာဘ်ပေးလာဘ်ယူမှုအနေဖြင့် လက်ဆောင်ပဏ္ဍာများ၊ ဖျော်ဖြေမှု၊ ငွေကြေး သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို မည်သည့်နည်းဖြင့်မဆို ကမ်းလှမ်းမှုမပြုရပါ။ ကျွန်ုပ်တို့သည် အစိုးရများ၊ အာဏာပိုင်များနှင့် ကျိုးကြောင်းခိုင်လုံသော ပုံမှန်ဆက်ဆံရေးကိုသာ ထားရှိရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ ပစ္စည်းဝယ်ယူဖြည့်တင်းရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ ပစ္စည်းသွင်းသူများအတွက် ကုမ္ပဏီအုပ်စု၏မူဝါဒ

၃။ လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၄။ နိုင်ငံရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးအရကူညီထောက်ပံ့မှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၅။ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုများ

၅.၁။ ကျွန်ုပ်တို့သည် နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့်အရေးကို သိရှိနားလည်ပြီး လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ်စည်းမျဉ်းများ လေးစားလိုက်နာမှုကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၅.၂။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်များနှင့် အကျယ်တဝင့် ပူးပေါင်းဆောင်ရွက်ပြီး မည်သို့သော လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခြင်းကိုမဆို ရှောင်ကြဉ်ရန် ကြိုးပမ်းရမည်။

၅.၃။ ကျွန်ုပ်တို့သည် အလုပ်ခွင်ရှိ အခြေခံစည်းမျဉ်းနှင့် အခွင့်အရေးများကို လေးစားလိုက်နာရမည်။ ကျွန်ုပ်တို့သည် (က) အလုပ်သမားသမဂ္ဂအဖွဲ့အစည်း၏ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားနိုင်မှု၊ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းနှင့် အလုပ်ရှင်တို့ကြား ဆွေးနွေးညှိနှိုင်းမှုလုပ်ပိုင်ခွင့်တို့အား ထိရောက်စွာ အသိအမှတ်ပြုရမည်။ (ခ) တစ်နည်းနည်းဖြင့် အတင်းအဓမ္မအလုပ်ခိုင်းစေမှုကို တားဆီးနှိမ်နှင်းရမည်။ (ဂ) ကလေးအလုပ်သမား အသုံးပြုမှုကို ထိရောက်စွာ တားဆီးနှိမ်နှင်းရမည်။ (ဃ) အလုပ်ခန့်ထားရာတွင် ခွဲခြားဆက်ဆံခြင်းကို လက်ခံမှုမပြုရပါ။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ လူ့အခွင့်အရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၆။ လူ့အရင်းအမြစ် ပျိုးထောင်မွေးထုတ်ရေးနှင့် ဝန်ထမ်းများအား လုံခြုံမှုပေးရေး

၆.၁။ ကျွန်ုပ်တို့သည် မိမိတို့ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့်အရည်အချင်း တိုးတက်ပြောင်းလဲရန်နှင့် အစွမ်းပြသရန်အလို့ငှာ လူမျိုးကွဲပြားမှု၊ အကျင့်စရိုက်၊ ပင်ကိုလက္ခဏာတို့ကို လေးစားမှုအဓိပ္ပာယ်ရှိသော အလုပ်အကိုင်ခန့်ထားခွင့်ကို စီစဉ်ပေးနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမည်။

၆.၂။ ကျွန်ုပ်တို့သည် မိမိတို့အလုပ်အပေါ် ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှ ရှုမြင်ကာ စုပေါင်းလုပ်ဆောင်မှုကို အလေးထား၍ ဖန်တီးနိုင်စွမ်းကို ဖော်ထုတ်ပြသကာ စွန့်ဦးတီထွင်လိုစိတ်ကို တန်ဖိုးထားပြီး အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုရန် ကြိုးပမ်းဆောင်ရွက်ရမည်။

၆.၃။ ကျွန်ုပ်တို့သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဝန်ထမ်းများ၏ ရှင်သန်မှုဘဝများ ပြည့်စုံကြွယ်ဝရေးအတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုကို ကူညီထောက်ပံ့ပေးပြီး လူ့အဖွဲ့အစည်း သာယာဝပြောရေးအတွက် အကျိုးပြုဆောင်ရွက်ရမည်။ ထိုအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီသည် ကြိုးပမ်းမှုအသစ်များ၊ အစီအစဉ်သစ်များဖြင့် မိမိတို့ကိုယ်တိုင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အမြဲတစေ ကြိုးပမ်းရမည်။

၆.၄။ ကျွန်ုပ်တို့သည် မိမိတို့၏ အလုပ်အကိုင်အပေါ် စိတ်ကျေနပ်မှု ပိုမိုရရှိစေပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်ပေးသော အလုပ်ခွင်အခြေအနေ ရရှိရေးကို ရည်မှန်းထားပါသည်။

၆.၅။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံနှင့်ဒေသအသီးသီးရှိ တရားဥပဒေနှင့် ဓလေ့ထုံးစံတို့ကို လေးစားလိုက်နာရမည်။ ကျွန်ုပ်တို့သည် မည်သူကိုမဆို လူမျိုး၊ တိုင်းရင်းသားအုပ်စု၊ နိုင်ငံသား၊ ဘာသာရေး၊ ယုံကြည်ချက်၊ ဇာတိမြေ၊ ကျား/မ၊ အသက်အရွယ်၊ မသန်စွမ်း၊ လိင်တူချင်းစိတ်ဝင်စားမှု စသည်တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုအား တားမြစ်ရမည်။

၆.၆။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး လူသားဂုဏ်သိက္ခာကို လေးစားသမှုရှိပြီး ခွဲခြားဆက်ဆံမှုများနှင့် ထိပါးနှောင့်ယှက်မှုများ ကင်းဝေးသော လွတ်လပ်ပွင့်လင်းသည့် ဆက်ဆံရေးဖြင့် အပြုသဘောဆောင်သော လုပ်ငန်းခွင်ကို တည်ဆောက်ကာ ထိန်းသိမ်းရမည်။

၆.၇။ ကျွန်ုပ်တို့သည် လူတိုင်းအပေါ် လေးစားသမှု ထားရှိပြီး သက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ကုမ္ပဏီလုပ်ဆောင်ချက်များ၏ အရေးကြီးဆုံး အခြေခံအစိတ်အပိုင်းများထဲမှ တစ်ခုအဖြစ် သတ်မှတ်ထားရှိရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ လူ့အရင်းအမြစ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ သက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် ကုမ္ပဏီအုပ်စု၏မူဝါဒ

# ၇။ ဒေသခံပြည်သူများနှင့် အတူတကွ လုပ်ကိုင်ခြင်း

၇.၁။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နေရာနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းတွင် ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် တက်ကြွစွာ လူမှုအကျိုးသယ်ပိုးရေးကို ကြိုးပမ်းဆောင်ရွက်ရမည်။ မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော ဒေသများမှ ဒေသခံပြည်သူတိုင်း၏ စီးပွားရေး၊ ဓလေ့ထုံးစံနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုဆောင်ရွက်ရမည်။

၇.၂။ ကျွန်ုပ်တို့ တစ်ဦးချင်းစီမှလည်း ဒေသခံပြည်သူအနေဖြင့် လူမှုရေးအကျိုးပြု လှုပ်ရှားမှုများတွင် ပါဝင်ရန် အားပေးတိုက်တွန်းရမည်။

၇.၃။ ကျွန်ုပ်တို့ အများပြည်သူနှင့် အပြန် အလှန် ဆက်သွယ်သည့် အခါတိုင်း အုပ်စု၏ ဝန်ထမ်းတစ်ဦး အနေဖြင့် ကျွန်ုပ်တို့ တစ်ဦး တစ်ယောက်ချင်း စီတိုင်းသည် အာဂျီနိုမိုတို ကုမ္ပဏီအုပ်စုကို ကိုယ်စားပြုသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ၎င်းအတိုင်း ကျွန်ုပ်တို့၏ လုပ်ဆောင်မှုတိုင်းကို လူမှုရေး ကျင့်ဝတ်ဆိုင်ရာ အသိပညာတစ်ခုက အရှိန်ပြည့် လွှမ်းမိုးထားပါသည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

၁။ ဒေသခံပြည်သူတို့ဘဝ မြှင့်တင်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၈။ အစုရှယ်ယာရှင်များအပေါ် တာဝန်ခံမှုများ

၈.၁။ ကျွန်ုပ်တို့သည် အားထားယုံကြည်ရသော စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်နှင့် အစုရှယ်ယာရှင်များကို သင့်လျော်သော ပြန်လည်ပေးဆပ်မှုများ ပြုလုပ်ရန်နှင့် ကုမ္ပဏီတန်ဖိုး တိုးမြှင့်ရန်အတွက် အစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ရမည်။

၈.၂။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်မျိုးစုံထံ သတင်းအချက်အလက်များကို အချိန်မီ လျော်ကန်စွာ ထုတ်ပြန်ပေးပြီး မိမိတို့အပေါ် ထားရှိသော မျှော်လင့်ချက်များနှင့် ယုံကြည်မှုများကို မျှတစွာနှင့် သစ္စာရှိစွာ ပြန်လည် ဖြည့်ဆည်းပေးရမည်။

၈.၃။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်များအပေါ် ထုတ်ပြန်ပေးမည့် ဘဏ္ဍာရေးအချက်အလက်များသည် ယုံကြည်စိတ်ချရမှုနှင့် တိကျမှန်ကန်မှုတို့ ရှိစေရန် သင့်လျော်သော ကုမ္ပဏီဌာနတွင်း ထိန်းကျောင်းမှုစနစ်တစ်ခုကို ထားရှိကာ လည်ပတ်ဆောင်ရွက်ရမည်။

၈.၄။ ကျွန်ုပ်တို့သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ တရားဝင်စာရင်းပေါက် ကုမ္ပဏီများ နှင့်/သို့မဟုတ် တရားဝင်စာရင်းပေါက် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအတွက် ထုတ်ပြန်ကြေညာခြင်းမပြုသော သတင်းအချက်အလက်များကို အသုံးပြု၍ အစုရှယ်ယာ အရောင်းအဝယ်ပြုခြင်း သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကုမ္ပဏီအတွင်းရေးသတင်းများ ရောင်းစားခြင်းကဲ့သို့ ဥပဒေနှင့်မလွတ်ကင်းသည်များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရပါ။

၈.၅။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံတိုင်း၏ အကောက်ခွန်ဥပဒေများကို လေးစားလိုက်နာရမည်။ အစုရှယ်ယာတန်ဖိုးများ မြင့်တက်လာစေရန်အလို့ငှာ အခွန်ကောက်ခံမှုစနစ်များနှင့် အုပ်ချုပ်ရေးပိုင်းမှ ပြောင်းလဲမှုများအတိုင်း လိုက်လျောညီထွေ ဆောင်ရွက်ပြီး အခွန်နှင့်ပတ်သက်၍ အရဲကိုးစွန့်စားမှုများကို လျှော့ချရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ ကမ္ဘာလုံးဆိုင်ရာအခွန်အတွက် ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ အစုရှယ်ယာရှင်များနှင့် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၉။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများနှင့် သတင်းအချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၉.၁။ ကျွန်ုပ်တို့သည် လုပ်ငန်းလျှို့ဝှက်ချက်များကိုလည်းကောင်း၊ ကုန်သွယ်ရေးလျှို့ဝှက်ချက်နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှု အပါအဝင် လက်ဆုပ်လက်ကိုင်ပြနိုင်သော ကုမ္ပဏီပိုင်ဆိုင်မှုများနှင့် လက်ဆုပ်လက်ကိုင်မပြနိုင်သော ကုမ္ပဏီပိုင်ဆိုင်မှုများကိုလည်းကောင်း တင်းကျပ်စွာ ကာကွယ်စောင့်ရှောက်ပြီး စီမံခန့်ခွဲရမည်။

၉.၂။ ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များ ကာကွယ်စောင့်ရှောက်မှု၏ အရေးကြီးပုံကို လက်ခံအသိအမှတ်ပြုကာ ကိုယ်ရေးအချက်အလက်များ ပြင်ပသို့ပေါက်ကြားခြင်းမှ ကာကွယ်ရန် အချက်အလက်များကို သင့်လျော်စွာ ရယူခြင်း၊ အသုံးပြုခြင်း၊ ထုတ်ပေးခြင်းတို့ ဆောင်ရွက်ရမည်။

၉.၃။ ကုမ္ပဏီအမှတ်တံဆိပ်နှင့် ဉာဏပစ္စည်းမူပိုင်ခွင့်သည် အရေးကြီးသော ကုမ္ပဏီပိုင်ဆိုင်မှုများ ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် လက်ခံအသိအမှတ်ပြုကာ ဥပဒေများနှင့် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ စည်းကမ်းများအတိုင်း ၎င်းတို့ကို သင့်လျော် မှန်ကန်စွာ အသုံးပြုရမည်။

၉.၄။ ကျွန်ုပ်တို့သည် တပါးသူတို့၏ တရားဝင် ဉာဏပစ္စည်းမူပိုင်ခွင့်ကို အလေးထားရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

၁။ သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ ကိုယ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၃။ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၁၀။ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ရောထွေးမှုမရှိခြင်း

၁၀.၁။ ကျွန်ုပ်တို့သည် ဝန်ထမ်းများ၊ ၎င်းတို့မိသားစုဝင်များ၏ အကျိုးခံစားခွင့်ကို အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများ၏ အကျိုးခံစားခွင့်နှင့် ရောထွေးမှုမရှိစေရန် ဆောင်ရွက်ရမည်။

၁၀.၂။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများနှင့် သတင်းအချက်အလက်များကို ကိုယ်ကျိုးအလို့ငှာမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းအတွက်သာ ရည်ရွယ်အသုံးပြုရမည်။

၁၀.၃။ ဝန်ထမ်းများ တည်ဆောက်ထားသော စီးပွားရေးဆက်ဆံမှုများသည် ထိုဝန်ထမ်းများ အလုပ်မှ အနားယူပြီးသည့်နောက်တွင်ပင် ကုမ္ပဏီနှင့်သာ သက်ဆိုင်ကြောင်း ကျွန်ုပ်တို့အနေဖြင့် လက်ခံအသိအမှတ်ပြုရမည်။

၁၀.၄။ ကျွန်ုပ်တို့သည် သတင်းအချက်အလက်များကို လူမှုမီဒီယာပေါ်တွင် ကုမ္ပဏီမှ တရားဝင်ထုတ်ပြန်ခြင်းနှင့် တစ်ဦးချင်းစီမှ ထုတ်ပြန်ခြင်းတို့ကို ရှင်းလင်းကွဲပြားစွာ ဆောင်ရွက်ရမည်။ တစ်ဦးချင်းစီမှ သတင်းအချက်အလက်များ ထုတ်ပြန်မှု ပြုခဲ့လျှင်လည်း အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အဖွဲ့ဝင်အနေဖြင့် မိမိတို့၏ အခန်းကဏ္ဍနှင့် တာဝန်ယူတာဝန်ခံမှုများကို အသိသတိထားရှိပြီး အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၊ ၎င်း၏ ဂုဏ်သတင်း သို့မဟုတ် ၎င်း၏ အခြားပိုင်ဆိုင်မှုတစ်စုံတစ်ရာ ထိခိုက်ပျက်စီးစေမည့်အရာများ မပြုလုပ်ရပါ။

၁၀.၅။ ကျွန်ုပ်တို့သည် နိုင်ငံရေးလှုပ်ရှားမှုများတွင် တစ်သီးပုဂ္ဂလရပ်တည်ချက်ဖြင့်သာ ပါဝင်ဆောင်ရွက်ရမည့်အပြင် အလုပ်ချိန်ပြင်ပ ကုမ္ပဏီအဆောက်အအုံအပြင်ဘက်တွင်သာ လှုပ်ရှားမှုပြုရမည်။

## ၁၁။ ကောင်းမွန်သောအုပ်ချုပ်မှု တည်ထောင်ခြင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၁.၁။ ကျွန်ုပ်တို့သည် မိမိတို့ကုမ္ပဏီတန်ဖိုး စဉ်ဆက်မပြတ် မြင့်တက်စေရေးအတွက် လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ခံနိုင်မှုအား သင့်လျော်သလို လွှဲအပ်လုပ်ကိုင်စေခြင်းကို ဗဟိုပြုအုပ်ချုပ်သောစနစ်များ တည်ထောင်ပြီး မျှတ၍ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိစွာ ကုမ္ပဏီအုပ်စုကြီးကို စီမံခန့်ခွဲမှုပြုရမည်။

၁၁.၂။ ကျွန်ုပ်တို့သည် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အီလက်ထရောနစ်ဆိုင်ရာ တိုက်ခိုက်မှုများနှင့် သဘာဝဘေးဒဏ်များကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် အရံသင့်ရှိစေရန် အရဲကိုးစွန့်စားမှုအရေး မဟာဗျူဟာမြောက်စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာ အကျပ်အတည်းစီမံခန့်ခွဲမှုကို ဆောင်ရွက်ရမည်။

၁၁.၃။ ကျွန်ုပ်တို့သည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်စေသော ရက်စက်ကြမ်းကြုတ်မှုများနှင့် ဂိုဏ်းဂဏဖွဲ့အကြမ်းဖက်မှုများတွင် မည်သို့မည်ပုံပါဝင်မှုကိုမဆို လုံးဝ ရှောင်ကြဉ်ရမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ရက်စက်ကြမ်းကြုတ်မှုများနှင့် ဂိုဏ်းဂဏဖွဲ့အကြမ်းဖက်မှုများကို လုံးဝဥဿုံ ဆန့်ကျင်ပြီး မသင့်လျော်သောတောင်းဆိုမှုများကို အလုံးစုံ ငြင်းပယ်ရမည်။

၁၁.၄။ လုပ်ငန်းခွင်အတွင်းနှင့် စီးပွားရေးလုပ်ကိုင်စဉ်အတွင်း ဥပဒေနှင့် စည်းမျဉ်းများ သို့မဟုတ် AGP အပေါ် မသမာမှုပြုခြင်း သို့မဟုတ် ချိုးဖောက်ခြင်းများ တွေ့ရှိပါက ကျွန်ုပ်တို့သည် မျက်နှာလွှဲမနေဘဲ ဝင်ရောက်ပြောဆိုရမည်။ ကျွန်ုပ်တို့သည် အရေးကိစ္စများနှင့် ပြဿနာများ ဖော်ထုတ်ရန် သင့်တော်သော မန်နေဂျာများနှင့် ဆွေးနွေးတိုင်ပင်ပြီး ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းစနစ်ကို အသုံးပြုရမည်။

### ကုမ္ပဏီအုပ်စု၏မူဝါဒများ

၁။ အုပ်ချုပ်မှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၂။ အရဲကိုးစွန့်စားမှုအရေးစီမံခန့်ခွဲမှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၃။ စာရင်းကိုင်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏ မူဝေမူဝါဒ

၄။ မသမာမှုပြုခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

၅။ ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

### အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ (AGP) နှင့် ပတ်သက်၍ စုံစမ်းမေးမြန်းမှုတစ်စုံတစ်ရာ ပြုလုပ်ရန်လိပ်စာ -


Business Conduct Committee Secretariat’s Office

Legal & Compliance Department

Ajinomoto Co., Inc.

လိပ်စာ - 15-1, Kyobashi 1-chome, Chuo-ku, Tokyo 104-8315 Japan

## သတင်းပေးတိုင်ကြားခြင်း

- စီစဉ်ပေးထားသော တိုက်ရိုက်ဖုန်းလိုင်းများ (Hotlines) အပြင် ကုမ္ပဏီတစ်ခုချင်းစီတွင်လည်း အောက်ပါ စုံစမ်းမေးမြန်းရေးဌာနများမှတစ်ဆင့် သတင်းပေးတိုင်ကြားခြင်းကို ပြုလုပ်နိုင်ပါသည်။

### ဂျပန်နိုင်ငံအတွက် ပြင်ပ တိုက်ရိုက်ဖုန်းလိုင်း

**ဖုန်း** - 0120-783-805 (ဖုန်းခေါ်ဆိုခ အခမဲ့)

မနက် 9:00 မှ ည 9:00 အတွင်း ခေါ်ဆိုနိုင်သည်။

ကုဒ်နံပါတ် - 332　အမည် - Ajinomoto Group

**ဝက်ဘ်ဆိုက်လိပ်စာ** - https://ml.helpline.jp/a-hotline

သက်သေခံကတ်ပြား (ID) - hotline

စကားဝှက် (Password) - ajinomoto

### စာရင်းစစ်ကော်မတီ တိုက်ရိုက်ဖုန်းလိုင်း

**ဝက်ဘ်ဆိုက်လိပ်စာ** - https://i365.helpline.jp/ajinomoto/k-hotline

ကုဒ်နံပါတ် - 332　အမည် - Ajinomoto Group

သက်သေခံကတ်ပြား (ID) - hotline

စကားဝှက် (Password) - ajinomoto

စာရင်းစစ်ကော်မတီ၏ တိုက်ရိုက် ဖုန်းလိုင်းသည် စာရင်းစစ်အဖွဲ့မှ စီမံပြီး အရာရှိတာဝန်များကို ထမ်းဆောင်ခြင်း နှင့်သက်ဆိုင်သည့် အစီရင်ခံခြင်းများ အတွက်သာ ကန့်သတ်ထားပါသည်။ သတင်းပေးတိုင်ကြားသော အကြောင်းအရာပေါ်မူတည်၍ လုပ်ငန်းပိုင်း ကျင့်ဝတ်ရေးရာကော်မတီ၏ အတွင်းရေးမှူးမှ တာဝန်ယူ၍ ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသည်များလည်း ရှိပါသည်။

### ဂျပန်ပြည်ပအတွက် ပြင်ပ တိုက်ရိုက် ဖုန်းလိုင်း

**ဝက်ဘ်ဆိုက်လိပ်စာ** - https://ml.helpline.jp/g-hotline

သက်သေခံကတ်ပြား (ID) - hotline

စကားဝှက် (Password) - ajinomoto

### ဂျပန်အတွက် ပြည်တွင်း တိုက်ရိုက် ဖုန်းလိုင်း - Secretariat of the Business Conduct Committee, AJICO (လုပ်ငန်းပိုင်းကျင့်ဝတ်ရေးရာကော်မတီ၏ အတွင်းရေးမှူး၊ AJICO)

**ဖုန်း/ဖက်စ်** - +81-3-5250-8244

**အီးမေးလ်လိပ်စာ** - hotline@asv.ajinomoto.com

**Ajinomoto Co., Inc.**
15-1, Kyobashi 1-chome, Chuo-ku,
Tokyo 104-8315 Japan
Tel: +81 (3) 5250-8111
URL: http://www.ajinomoto.com/en/

Eat Well, Live Well.

2018 ဇူလိုင်လ 1 ရက်နေ့တွင် စတင်တည်ထောင်သည်။
ဒုတိယအကြိမ် ထုတ်ဝေမှု၊ 2021 ခုနှစ်၊ ဇူလိုင်လ၊ 1 ရက်